## ရည်ရွယ်ချက်

စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့် လက်ဝတ်ရတနာ ရောင်းချသည့်လုပ်ငန်းရှင်များ၊ ရုပ်သံလွှင့်မီဒီယာ ဝန်ဆောင်မှု ဆောင်ရွက်သည့်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်း(ဟန်းဆက်) ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ပွင့်လင်းမြင်သာစွာ ရောက်ရှိနိုင်သည်ကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်

❖ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ ကောက်ခံသည့်အခွန်မှာ ကုန်သွယ်လုပ်ငန်းခွန် ဖြစ်ပါသည်။

❖ စားသောက်ဆိုင်လုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုလုပ်ငန်း၊ လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများ ရောင်းချ/ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများအပေါ် ၅ % ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်တည်းခိုခန်း လုပ်ငန်းများမှရငွေအပေါ် ၃% ဖြင့်လည်းကောင်း၊ ရွှေထည် လက်ဝတ်ရတနာများ ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ၁% ဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပြီး ၎င်းအတွက်ထုတ်ပေးသည့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဖြင့် ရောင်းချသူ/ ဝန်ဆောင်မှု ဆောင်ရွက်သူက ကျသင့် ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံရမည်ဖြစ်ပါသည်။

## လုပ်ငန်းရှင်၏ တာဝန်များ

❖ လုပ်ငန်းမစတင်မီ(၁)လ သို့မဟုတ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ (၁)လ ကြိုတင်၍ သက်ဆိုင်ရာအခွန်ရုံးတွင် လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်ကို နှစ်စဉ် လျှောက်ထားထုတ်ယူရမည်။

❖ လိုအပ်မည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများနှင့် အရေအတွက်ကိုခန့်မှန်း၍ သက်ဆိုင်ရာအခွန်ရုံးများတွင် မှာကြားထုတ်ယူရမည်။

❖ ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များကို ထုတ်ပေးသည့်ပြေစာပေါ်တွင် အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ရမည်ဖြစ်ပြီး အခွန်အမှတ်တံဆိပ်များအပေါ်တွင် အသုံးပြုပြီးဖြစ်ကြောင်း Ball Pen ဖြင့်သာ ကန့်လန့်ဖြတ်ခြစ်၍ အမှတ်အသားပြုဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် QR Code ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရပါမည်။

❖ ကောက်ခံရရှိပြီးသည့် ကုန်သွယ်လုပ်ငန်းခွန်များကို လစဉ် လကုန်ဆုံးပြီး (၁၀) ရက်အတွင်း ပေးသွင်းရပါမည်။

❖ သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး(၁) လအတွင်း၊ နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာ နှစ်ကုန်ဆုံးပြီး (၃)လအတွင်း တင်သွင်းရပါမည်။

## အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်

ပြေစာများအပေါ်တွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ပမာဏအလိုက် စွဲကပ်ရမည့် အခွန်အမှတ်တံဆိပ်အမျိုးအစားများသည် QR Code ပါရှိသော အခွန်အမှတ်တံဆိပ်များဖြစ်ပြီး အောက်ပါအတိုင်း အမျိုးအစား (၇) မျိုး သတ်မှတ်ထားပါသည်-

❖ 50 kyats
❖ 100 kyats
❖ 200 kyats
❖ 500 kyats
❖ 1000 kyats
❖ 5000 kyats
❖ 10000 kyats




## အခွန်အမှတ်တံဆိပ် ထုတ်ယူခြင်း

❖ ပထမဆုံးအကြိမ်ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေးသွင်းရန် မလိုအပ်ပါ။

❖ ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များလာရောက်ထုတ်ယူသည့်အခါ ရှေ့အကြိမ်က ထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များအနက် အသုံးပြုပြီး အမှတ်တံဆိပ်များအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးသွင်းပြီးဖြစ်ကြောင်းအထောက်အထား (ငွေသွင်းချလန်) ပြည့်စုံစွာတင်ပြနိုင်မှသာ အခွန်အမှတ်တံဆိပ် ထပ်မံထုတ်ပေးသွားမည် ဖြစ်ပါသည်။

## အခွန်အမှတ်တံဆိပ်စွဲကပ်ရမည့်နေရာ

ပြေစာများအပေါ် ရှင်းလင်းမြင်သာသောနေရာ၌ အခွန်အမှတ်တံဆိပ်များကို စွဲမြဲစွာကပ်နှိပ်ရမည်ဖြစ်ပြီး တန်ဖိုးနည်းအခွန်အမှတ်တံဆိပ် အရေအတွက် များပြားစွာကပ်နှိပ်ခြင်း၊ QR Code ဖတ်၍မရစေရန် အခွန်အမှတ်တံဆိပ်များတစ်ခုနှင့်တစ်ခုထပ်၍ စုပြုံကပ်နှိပ်ခြင်း၊ အခွန်အမှတ်တံဆိပ်များအပေါ်တွင် ဆိုင်အမှတ်အသားတံဆိပ်ကိုထပ်၍ပုံနှိပ်ခြင်း၊ မှင်လုံးကြီးသည့် Marker Pen/ Colour Pen များဖြင့် ပယ်ဖျက်ခြင်းများ မပြုလုပ်ရပါ။

## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

❖ လုပ်ငန်းရှင်များအနေဖြင့် အောက်ပါ ပျက်ကွက်မှုများအပေါ် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်းခံရမည်ဖြစ်ပါသည်-

  ➢ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း။

  ➢ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးသော်လည်း ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့် ညီမျှသောတန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်း။

❖ သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်သည့် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုလည်း ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရပါမည်-

| | | |
|---|---|---|
| ➢ ပထမအကြိမ် | - | ကျပ် ၁၀ သိန်း |
| ➢ ဒုတိယအကြိမ် | - | ကျပ် ၂၀ သိန်း |
| ➢ တတိယအကြိမ် | - | ကျပ် ၃၀ သိန်း |
| ➢ တတိယအကြိမ်အထက် | - | ကျပ် ၆၀ သိန်း |

## အများပြည်သူများက ပူးပေါင်းကူညီဆောင်ရွက်ခြင်း

ပြည်သူများအနေဖြင့် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်၍ နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်ငွေများ လွတ်ကင်းမှုမရှိစေရေးအတွက် ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်-

- ❖ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားသောပြေစာများကိုတောင်းခံခြင်း၊
- ❖ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့်အညီ အခွန်အမှတ်တံဆိပ် အပြည့်အဝ ကပ်နှိပ်ထားခြင်း ရှိ/ မရှိ စိစစ်ခြင်း၊
- ❖ သတင်းပေးတိုင်ကြားခြင်းနှင့် ဆုကြေးငွေထုတ်ယူခြင်း။

## သတင်းပေးတိုင်ကြားနိုင်ခြင်း

ပြည်သူများအနေဖြင့် စားသောက်ဆိုင်တွင် စားသောက်ခြင်း၊ ဟိုတယ်/ တည်းခိုခန်းတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဝယ်ယူခြင်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုရယူခြင်း၊ လက်ကိုင်ဖုန်း ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း/ ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ ပြေစာ မရရှိခြင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားမှု မရှိခြင်း၊ ကျသင့်အခွန်တန်ဖိုးထက် အခွန်အမှတ်တံဆိပ် လျော့နည်းကပ်နှိပ်ထားခြင်းများတွေ့ရှိရပါက အထောက်အထားများနှင့်အတူ မည်သည့်အခွန်ရုံးတွင်မဆို သတင်းပေးတိုင်ကြားနိုင်ပါသည်။

## ဆုကြေးငွေချီးမြှင့်ခြင်း

- ❖ သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်ခြင်းတို့အတွက် သတင်းပေးတင်ပြသူက အထောက်အထားဖြင့် သတင်းပေးချက်အရ ဖော်ထုတ်ရရှိခြင်းဖြစ်ပါက **သတင်းပေးတင်ပြသူအားလည်းကောင်း၊** သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက **မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း** တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဆုကြေးငွေအဖြစ် ချီးမြှင့်ခြင်းခံရမည်ဖြစ်ပါသည်။
- ❖ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည်မဟုတ်ပါ။

## ကျေးဇူးတင်လွှာ

- ❖ နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့်အခွန်ငွေများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။
- ❖ လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံကြီးသားပီသစွာဖြင့် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။
- ❖ စားသုံးသူ ပြည်သူများသည်လည်း လုပ်ငန်းရှင်များထံမှ ပြေစာတောင်းယူခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေသို့ ရောက်ရှိရေး ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။
- ❖ နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်ငွေများကို လွတ်ကင်းမှု မရှိစေရန် ပူးပေါင်းဆောင်ရွက်ပေးကြသော ပြည်သူများနှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချ/ ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လုပ်ငန်းရှင်များအား ကျေးဇူးအထူးတင်ရှိပါသည်။

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အမှတ်၊ ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၈-၃၈၉၃၁၁၊ ၀၁-၈-၃၈၉၃၂၂၊ ၀၁-၈-၃၇၈၃၇၀ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊၂၂x၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ သို့မဟုတ် ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း ဆိုင်ရာ သိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
https://www.ird.gov.mm

" Tax by the Law, Service by our Heart "